## ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၅၁)
## တိုင်းရင်းသား အခွင့်အရေး နှင့် နအဖ ၏ နဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေ (၄)

တိုင်းရင်းသားတွေရဲ့ အခွင့်အရေးကို စီးပွားရေး၊ လူမှုရေး နဲ့ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေး ရှုဒေါင့်ကနေ သုံးသပ်မယ် ဆိုရင် အခြေခံအကျဆုံးကတော့ မြေယာဖြစ်ပါတယ်။ မြေယာတွေကို ပိုင်ဆိုင်ခွင့်၊ အသုံးချခွင့်၊ စီမံခန့်ခွဲခွင့်၊ လွှဲပြောင်းခွင့်၊ အခြားပုဂ္ဂိုလ် (သို့ မဟုတ်) အစိုးရအာဏာပိုင်တွေရဲ့ မတရား သိမ်းယူခြင်းမှ အကာအကွယ် ရယူခွင့် အစရှိတာတွေ ပါဘဲ။

အရှေ့တောင်အာရှမှာ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ လာအိုး၊ မြန်မာနိုင်ငံ စတဲ့ မဖွံ့ဖြိုးမတိုးတက်သေးတဲ့ တတိယ နိုင်ငံတွေမှာ လူထုတွေရဲ့ ဘဝရပ်တည်ရေးဟာ မြေယာအပေါ်မှာ လွန်မင်းစွာ အမှီသဟဲ ပြုရတယ်။ သည်တောင်က စီးဆင်းလာတဲ့ ချောင်းရေကို အမှီပြုသောက်သုံး၊ သည်မြစ်က ရှာဖွေရရှိတဲ့ ငါးတွေနဲ့ အဟာရဓါတ်ဖြည့်တင်း၊ သည်တောက ထွက်ရှိတဲ့ သစ်ဝါးတွေနဲ့ အိမ်ဆောက်၊ ရှာနီးချုပ်စပ်က သည်မြေအပေါ်မှာ စိုက်ပျိုးရေးလုပ်၊ အစရှိသဖြင့် မြေကြီးကို အထူးသဖြင့် မှီခိုပြီး အသက်ရှင်ရပ်တည်ကြရတယ်။ မြေကြီးဟာ တိုင်းရင်းသား ပြည်သူတွေရဲ့ ရပ်တည်ရာ ဖြစ်ရုံသာမက သူတို့ရဲ့ အသက် နဲ့ ဘဝလဲ ဖြစ်ပါတယ်။

တိုင်းရင်းသား ပြည်နယ်တွေမှာ နိုင်ငံရေးစကားလုံး နဲ့ ပြောရရင်တော့ ပဒေသရာဇ် မြေရှင်ကြီး စနစ်ကျင့်သုံးခဲ့တယ်လို့ ဆိုကြပါတယ်။ ဘုရင်စနစ် ကျင့်သုံးခွင့် ရခဲ့တဲ့ နေရာ တွေမှာ ဘုရင်တွေဟာ အသက်ဦးဆံပိုင်၊ ရေမြေ့ရှင်တွေ ဖြစ်ခဲ့ကြတယ်။ ဘုရင်စနစ် ကျင့်သုံးခွင့် မရခဲ့ပေမယ့် စော်ဘွား၊ စော်ကဲ၊ တောင်ပိုင်၊ နယ်အုပ် စသူတို့ဟာ သက်ဆိုင်ရာဒေသတွေ အလိုက် တော၊ တောင်၊ ရေ၊ မြေ တွေကို ပိုင်ဆိုင်ခဲ့ကြသူတွေပါ။ အဆင့်ဆင့် အခွန်ပဏ္ဏာ ဆက်သရတဲ့ နည်းလမ်းနဲ့ အဲဒီမြေယာပိုင်ဆိုင်မှု စနစ်ကို ကျင့်သုံးခဲ့တယ်။ ဒါပေမယ့် နှစ်ပေါင်း ထောင်နဲ့ ချီတဲ့ ပဒေသရာဇ်ခေတ် တလျှောက်လုံးမှာ အထူးသဖြင့် တောင်ကုန်း၊ တောင်တန်းတွေ အမြောက်အများ ဖုံးလွှမ်းနေတဲ့ တိုင်းရင်းသားဒေသတွေမှာ လက်တွေ့ကျင့်သုံးခဲ့တဲ့ မြေယာပိုင်ဆိုင်မှု စနစ်တခုလည်း ရှိခဲ့ပါတယ်။ အဲဒါကတော့ ဒေသအလိုက်နေထိုင်ကြသူတွေ စုပေါင်းပိုင်ဆိုင်တဲ့ စနစ်ပါဘဲ။

ဒီရွာမြေကို ဒီရွာထဲမှာ နေထိုင်တဲ့ ရွာသူရွာသားတွေ ပိုင်ဆိုင်ကြတယ်။ ဒီရွာဘေးမှာ ရှိတဲ့ မြစ်တွေ၊ ချောင်းတွေမှာရွာသား ဘယ်သူမဆို ရေအသုံးပြုခွင့်ရှိသလို၊ ငါးရှာခွင့် ရှိတယ်။ ရွာပြင်ထွက်သွားရင် သဘာဝအလျှောက်ပေါက်ရောက်နေတဲ့ တောတွေထဲမှာ အိမ်ဆောက်ဘို့သစ်ဝါး၊ စားသောက်ဘို့ဟင်းသီးဟင်းရွက်နဲ့ တောရိုင်းတိရစ္ဆာန်တွေကို ရှာဖွေ အသုံးချခွင့်ရှိတယ်။ တဦးခြင်း ဥယျာဉ် တောင်ယာ စိုက်ပျိုးလို့ ခြံခတ်ထားတဲ့မြေ၊ လယ်လုပ်တဲ့ အတွက်ကန်သင်းဖို့ထားတဲ့ မြေကွက် စသည်တို့ကလွဲလို့ ကျန်တဲ့ မြေလွတ်မြေရိုင်းနဲ့ ရွာပတ်ဝန်းကျင်က တောတောင်ကုန်းမြေတွေကို ဒေသခံရွာသားတွေ စုပေါင်းပိုင်ဆိုင် အသုံးချခွင့်ရခဲ့ကြတယ်။ အခုခေတ်သုံးစကားလုံးနဲ့ ပြောရရင်တော့ ဘုံပစ္စည်းပိုင်ဆိုင်မှု အခွင့်အရေး Common Property Right လို့ ဆိုရမှာ ဖြစ်ပါတယ်။

ရွာထဲမှာ တဦးခြင်းကိုယ့်ခြံဝင်းကလေးနဲ့ ကိုယ် နေထိုင်ကြတယ်။ ရွာပြင်ထွက်သွားတဲ့ အခါမှာ ကိုယ်လဲ ရွာသားတဦးအနေနဲ့ ဘုံပစ္စည်းပိုင်ဆိုင်မှု အခွင့်အရေးကို အခြားရွာသားတွေလို အသုံးချခွင့် ရှိတာကြောင့် မိသားစုဘဝ ရပ်တည်ရေးဟာ အထိုက်အလျှောက် အဆင်ပြေတယ်။ ကိုယ့်ရွာကိုယ့်မြေ ကိုယ့်အိမ်ဝင်းကလေးမှာ မိသားစုတွေကိုယ်စီနဲ့ငြိမ်းချမ်းတဲ့ ဘဝ တည်ဆောက်နိုင်ခဲ့ကြတယ်။ ဘုံပစ္စည်းပိုင်ဆိုင်မှု အခွင့်အရေးကို ဒေသဆိုင်ရာအလိုက် လက်တွေ့အရ နှစ်ပေါင်းရာပေါင်း များစွာ ကျင့်သုံးလာခဲ့ပေမယ့် စကားလုံးအတိအကျကို စါနဲ့ ပေနဲ့ မှတ်တမ်းတင်ထားတာ၊ တိုင်းပြည်ကနေ ဥပဒေနဲ့ အညီ တရားဝင် အသိအမှတ်ပြုထားတာ မရှိခဲ့ဘူး။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ စတင်ပေါ်ပေါက်လာခဲ့တဲ့ ကာလကစလို့ နိုင်ငံတော်သည် မြေယာအားလုံး၏ ပိုင်ရှင်ဖြစ်သည် ဆိုတဲ့ ပြဋ္ဌာန်းချက်အောက်မှာ ဒေသဆိုင်ရာ အလိုက်ဒေသတွင်း နေထိုင်တဲ့ လူထုတွေ ဘုံပစ္စည်းပိုင်ဆိုင်ခွင့် အခွင့်အရေးကို ရုပ်သိမ်းလိုက်တဲ့ သဘောသက်ရောက်သွားပါတော့တယ်။

ဒါပေမယ့် လက်တွေ့အရ ဒေသတွင်းနေသူတွေက မိမိတို့ ကျေးရွာဝန်းကျင်က တောတောင် မြေယာတွေကို စုပေါင်း အသုံးချတာ၊ စုပေါင်း အကျိုးခံစားတာတွေ ဆက်ရှိနေပါသေးတယ်။ ၁၉၇၄ ခုနှစ် အခြေခံဥပဒေ ပေါ်ပေါက်လာတဲ့ နောက်ပိုင်း နိုင်ငံတော်ပိုင် မြေယာစနစ်ကို ပိုပြီး ပီပီပြင်ပြင်ကျင့်သုံးလာတယ်။ ၁၉၈၈ ခုနှစ် စစ်တပ်အာဏာ ထပ်သိမ်းအပြီးမှာတော့ နိုင်ငံတော်ဆိုတဲ့ အမည်နာမကို ထည်လဲ သုံးပြီး တပြည်လုံးကမြေတွေကို ထင်လို စီမံခန့်ခွဲလုပ်ဆောင်လာတော့တာပါဘဲ။ ကချင်၊ ကရင်၊ ကရင်နီ၊ ရှမ်း၊ ချင်း၊ မွန်၊ ရခိုင် စတဲ့ တိုင်းရင်းသားပြည်နယ်တွေမှာ ဒေသဆိုင်ရာအလိုက် ဒေသတွင်းလူထုတွေရဲ့ မြေယာအပေါ် ဘုံပစ္စည်းပိုင်ဆိုင်ခွင့် ကို ရုပ်သိမ်းခံခဲ့ရတာတွေ မရေမတွက်နိုင်လောက်အောင် ရှိခဲ့တယ်။

ဒေသတွင်း လူထုတွေရဲ့ ဘဝရပ်တည်မှု ပျက်စီးသွားတဲ့အခါ အကျိုးဆက် အနေနဲ့ ထိုင်း၊ မလေးရှား၊ စင်္ကာပူ၊ ထိုင်ဝမ် စတဲ့နိုင်ငံတွေကို သန်းနဲ့ ချီတဲ့ လူထုတွေဟာ ရွှေ့ပြောင်းအလုပ်သမားတွေ အဖြစ်ထွက်ခွာသွားရောက်ပြီး အသက်မွေးကြရတယ်။ ကိုယ့်နိုင်ငံအတွင်းက ရန်ကုန်၊ မန္တလေး စတဲ့ မြို့ကြီးတွေမှာ၊ ထိုင်းနိုင်ငံက မြို့ကြီးတွေမှာ၊ တရုပ်မြန်မာနယ်စပ်က မြို့ကြီးတွေမှာ၊ ကိုယ့်ခန္ဓာကိုယ်ကိုရောင်းစားပြီး ဘဝရပ်တည်ရတဲ့ တိုင်းရင်းသူပေါင်းစုံ မိန်းခလေးတွေရဲ့ အရည်အတွက်ဟာ များပြားလှပါတယ်။ ဒါတွေဘာကြောင့်ဖြစ်ရသလဲဆိုရင် အဓိကအားဖြင့်ကျေးလက်နေ အခြေခံလူထုတွေ ဘဝရပ်တည်ရှင်သန်ခွင့် မရအောင် မြေယာစီမံခန့်ခွဲခွင့်၊ မြေယာအပေါ်ဘုံပစ္စည်းပိုင်ဆိုင်ခွင့်တွေ ကြီးကြီးမားမား ရုပ်သိမ်းခံရလို့ပါဘဲ။ ဒီလို အနေအထားမျိုးနဲ့ တည်ဆောက်တဲ့ ပြည်ထောင်စုဆိုတာ အပေါ်ယံရွှေမှုံ့ကြဲပြီး အတွင်းမှာနောက်ချေးတွေနဲ့ ပြည့်လျှမ်းနေတဲ့ နိုင်ငံဖြစ်ရုံက လွဲလို့ ဘာမှ မထူးနိုင်ပါဘူး။

ဖိလစ်ပိုင်နိုင်ငံဟာ ပြည်ထောင်စု နိုင်ငံမဟုတ်ပါဘူး။ တပြည်ထောင်စနစ်ကို ကျင့်သုံးတဲ့နိုင်ငံ ဆိုတာ တကမ္ဘာလုံးသိကြပါတယ်။ ဒါပေမယ့် စိတ်ဝင်စားဘွယ်ကောင်းတဲ့ အချက်က ဖိလစ်ပိုင်မှာ ဒေသခံတိုင်းရင်းသားများ အခွင့်အရေးကို ကာကွယ်တဲ့ ဥပဒေကို ၁၉၉၇ ခုနှစ်မှာ ပြဋ္ဌာန်းကျင့်သုံးခဲ့တယ်။ အဲဒီ ဥပဒေထဲမှာ ဒေသခံတိုင်းရင်းသားတွေရဲ့ ဘိုးဘွားပိုင်နက်နယ်မြေတွေကို သတ်မှတ်ပေးထားတယ်။ အဲဒီ နယ်မြေမှန်သမျှကို ဗဟိုအစိုးရက တိုက်ရိုက်ချယ်လှယ်စီမံခွင့် မရှိဘူး။ အဲဒီဒေသအတွင်းနေထိုင်ကြတဲ့ ဒေသခံတိုင်းရင်းသားတွေကို စီမံခန့်ခွဲခွင့် အသုံးချခွင့် ပြုထားရတယ်။ နိုင်ငံခြားကုမ္ပဏီတွေ၊ ပြည်တွင်းက စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ အဲဒီသတ်မှတ်ထားတဲ့ ဘိုးဘွားပိုင်နက်နယ်မြေတွေမှာ ဝင်ရောက်ပြီး သစ်ခုတ်ခြင်တယ်၊ သတ္တုတူးခြင်တယ် ဆိုရင် ဒေသခံတိုင်းရင်းသား လူကြီးတွေဆီကနေ ခွင့်ပြုချက် တောင်းရတယ်။

ဖိလစ်ပိုင်နိုင်ငံမှာ အဲဒီ ဒေသခံတိုင်းရင်းသားများ အခွင့်အရေး ကာကွယ်တဲ့ ဥပဒေကို လက်တွေ့အသုံးပြုရာမှာ ပြဿနာတွေ မရှိဘူးလား လို့ မေးရင် ရှိတယ်လို့ ဖြေရမှာပါ။ ဘယ်လို ပြဿနာမျိုးတွေလဲ ဆိုတော့ သတ်မှတ်ထားတဲ့ တိုင်းရင်းသားတွေရဲ့ ဘိုးဘွားပိုင်နက် နယ်မြေကို အနေအထားမျိုးစုံနဲ့ ထိပါးတဲ့ ဖြစ်ရပ်တွေပါဘဲ။ သုတေသနလုပ်ငန်း တခုရဲ့ တွေ့ရှိချက်အရ အဖြစ်အများဆုံးနှစ်ခုရှိတယ်။ အဲဒီနယ်မြေထဲကို တရားမဝင်ဝင်ရောက်တာကတခုဖြစ်ပြီး ၂၂ ရာခိုင်နှုန်း ရှိတယ်။ ပိုင်နက် ကျူးကျော်တာက အခြားတခုဖြစ်ပြီး ၁၇ ရာခိုင်နှုန်းရှိပါတယ်။ နောက်ထပ်တွေ့ရှိချက်တွေ အရ လိမ်လည်လှည့်ဖြားခံရလို့ မြေကို လက်လွှတ်ဖြစ်သွားအောင် လုပ်ခံလိုက်ရသူဦးရေ ၁၃ ရာခိုင်နှုန်း ဖြစ်သတဲ့။ ဒီလိုတွေ ဖြစ်အောင် ဘယ်သူတွေက လုပ်ဆောင်ကြသလဲ ဆိုတာကို ဆက်လက်ပြီး သုတေသနပြုကြတယ်။ တွေ့ရှိချက်ကတော့ ဒေသခံတိုင်းရင်းသားတွေရဲ့ မြေယာတွေ လက်လွှတ်ဖြစ်သွားအောင် လုပ်ဆောင်သူတွေအနက် ၅၀ ရာခိုင်နှုန်းအထက်ဟာ အစိုးရအာဏာပိုင်တွေ မဟုတ်တဲ့ တဦးခြင်း တသီးပုဂ္ဂလ တွေဖြစ်တယ်။ ၁၀ ရာခိုင်နှုန်းက သူတို့ ဒေသခံတိုင်းရင်းခေါင်းဆောင်တွေ ကိုယ်တိုင်က လုပ်ဆောင်တာဖြစ်သတဲ့။ ၄ ရာခိုင်နှုန်းကတော့ ဘယ်သူကမှ လုပ်ဆောင်လို့ မဟုတ်ဘဲ သဘာဝ ဘေးရန်ကြောင့် မြေယာတွေ လက်လွှတ်ဆုံးရှုံးရတာပါ တဲ့။

မြန်မာနိုင်ငံမှာတော့ ဒေသခံတိုင်းရင်းသားတွေရဲ့ မြေယာတွေ လက်လွှတ်ဆုံးရှုံးအောင်၊ မြေယာတွေ အပေါ် ဘုံပစ္စည်းပိုင်ဆိုင်ခွင့် ကို ပျက်စီးအောင်၊ စီမံခန့်ခွဲခွင့် လုံးဝကင်းမဲ့အောင် လုပ်ဆောင်နေသူတွေအနက်မှာ အဓိကအကျဆုံးက နအဖ အစိုးရ အာဏာပိုင်တွေ ဖြစ်နေပါတော့ တယ်။ ၂၀ ရာခိုင်နှုန်းဝန်းကျင် လောက်ကတော့ အစိုးရ

မဟုတ်တဲ့ ဒေသအတွင်းက လက်နက်ကိုင် အဖွဲ့ အစည်းတွေရယ်လို့ ခန့် မှန်းချက်တွေရှိတယ်။ တဦးခြင်း တသီး ပုဂ္ဂလတွေ ရဲ့ လုပ်ဆောင် ချက်ကြောင့် ဆုံးရှုံးရတာက ၁၀ ရာခိုင်နှုန်းလောက် ရှိနိုင်ပါတယ်။

ဘယ်လိုဘဲ ဖြစ်ဖြစ် နိဂုံးချုပ်ကြည့်မယ်ဆိုရင် ဖိလစ်ပိုင်လိုတပြည်ထောင်စနစ် ကျင့်သုံးတဲ့ နိုင်ငံမှာတောင် ၁၉၉၇ ခုနှစ် ဒေသခံတိုင်းရင်းသားများ အခွင့်အရေး ကာကွယ်တဲ့ ဥပဒေ ကို ကိုင်စွဲပြီး ငါတို့ ဒေသခံ တိုင်းရင်းသားတွေမှာ မြေယာ စီမံခန့် ခွဲခွင့် ဒီလို ရှိတယ် လို့ တင်းတင်းမာမာတောင်းဆိုနိုင်တယ်။ ခုခံကာကွယ် တိုက်ပွဲဝင်နိုင်ပါတယ်။ ဗဟိုအစိုးရ ဖြစ်စေ၊ နိုင်ငံခြားကုမ္ပဏီတွေ ဖြစ်စေ၊ အခြားဒေသက ဖိလစ်ပိုင်နိုင်ငံသားတွေ ဖြစ်စေ၊ ဝင်ရောက် ကျူးကျော် နှောက် ယှက် မခံရအောင် လုပ်ငန်းစဉ်တွေ ချမှတ်ဆောင်ရွက်နိုင်တယ်။ ပြည်ထောင်စု နိုင်ငံရယ်လို့ အမည်ခံထားတဲ့ မြန် မာ နိုင်ငံမှာတော့ ပြည်ထောင်စု အဖွဲ့ ဝင် ဒေသခံတိုင်းရင်းသားတွေရဲ့ မြေယာအပေါ် စီမံခန့် ခွဲခွင့်ဘာတခုမှ ရှိမနေ ခဲ့ဘူး ဆိုတာ တွေ့ ရပါတယ်။ ဖွဲ့ စည်းပုံအခြေခံဥပဒေအရရော အတွေးအခေါ်အရပါ နိုင်ငံတော်ဟာ မြေယာရဲ့ ပိုင်ရှင် ဖြစ်တယ် ဆိုတာကို ချမှတ်ကျင့်သုံးပြီး ဗဟိုအစိုးရနေရာမှာ အတင်းအဓမ္မရယူထားတဲ့ နအဖ စစ်ခေါင်းဆောင် တွေက ထင်သလို စီမံခန့် ခွဲ ချယ်လှယ်ပြီး ကိုယ်ကျိုးအတွက်သာ အသုံးချ နေကြပါတော့တယ်။

အခုလက်ရှိ နအဖ ရဲ့ ၂၀၀၈ နာဂစ် ဖွဲ့ စည်းပုံအရဆိုရင် မြေယာ ဆိုတဲ့ စကားလုံးနဲ့ တောင် မလုံလောက်တော့ပါဘူး။ မြေပေါ်မြေအောက် ရေပေါ်ရေအောက် ဆိုတဲ့ စကားလုံးကို အတိအကျ သုံးစွဲလာတာကို သတိပြုမိပါတယ်။ မြေပေါ် မြေအောက်၊ ရေပေါ်ရေအောက်က သယံဇာတတွေ အားလုံးကို ပြည်ထောင်စုအစိုးရ ဆိုတဲ့ ဆိုင်းဘုတ်အောက်မှာ စစ်ဗိုလ်တစုက ထင်သလို ဆက်လက် စီမံခန့် ခွဲပြီး ကိုယ်ကျိုးရှာကြတော့မယ်၊ အဲသလို ကိုယ်ကျိုးရှာကြတဲ့ နေရာ မှာ ဖွဲ့ စည်းပုံ အခြေခံဥပဒေ နဲ့ အညီဆိုတဲ့ စကားလုံးကို သုံးခွင့်ရအောင် ကြိုတင်အုတ်မြစ်ချ ထားတယ်ဆိုတာ ရှင်းနေ ပါတော့တယ်။

ဒီ အခြေအနေကို ပြုပြင်ပြီး တိုးတက်အောင် နအဖရဲ့ ၂၀၀၈ နာဂစ်ဖွဲ့ စည်းပုံအခြေခံဥပဒေ ဘောင်ထဲကနေ လုပ်ဖို့ မဖြစ်နိုင်ပါဘူး။ ဘာကြောင့်လဲ ဆိုတော့ နိုင်ငံတော်သည် နိုင်ငံတော်ရှိမြေအားလုံး၏ ပင်ရင်း ပိုင်ရှင်ဖြစ်သည် ဆိုတဲ့ ပြဌာန်းချက်ကို ဘယ်လိုမှ ကျော်နိုင်မှ မဟုတ်လို့ ပါ။ အဲဒါအပြင် နအဖ အခြေခံ ဥပဒေရဲ့ ဥပဒေပြုစုရင်းအရ မြေယာနဲ့ ပတ်သက်တဲ့စီမံခန့် ခွဲမှုမှန်သမျှ တိုင်းရင်းသားပြည်နယ်တွေကို တခုမျှ အပ်နှင်းမထား လို့ ဖြစ်ပါတယ်။

ဒါကြောင့် တဘက်က နအဖရဲ့ ၂၀၀၈ နာဂစ် ဖွဲ့ စည်းပုံအခြေခံဥပဒေကို ဖယ်ရှား၊ အခြားတဘက်က ဒေသခံတိုင်းရင်း သား လူထုတွေအတွက် မြေယာအပေါ် ဘုံပစ္စည်းပိုင်ဆိုင်ခွင့်ကို အာမခံချက်ပေးထားတဲ့ ပြည်ထောင်စု ဖွဲ့ စည်း ပုံ အခြေခံ ဥပဒေ သစ်တရပ် ပေါ်ပေါက်လာအောင် ကြိုးပမ်းသွားသင့်ကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။